EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၂)၊ ဇန်နဝါရီ ၁၀ ရက်၊ ၂၀၁၇

## မန္တလေးတိုင်းဒေသကြီး လွှတ်တော်အသစ် တည်ဆောက်မှု တပ်တိုး ဘတ်ဂျက်တောင်း

ဇန်နဝါရီ ၃၊ ၂၀၁၇

မန္တလေးတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ် တည်ဆောက်နေမှု အတွက် ထပ်တိုးဘတ်ဂျက် တောင်းခံမည် ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦးက ပြောကြားသည်။

အဆိုပါအဆောက်အအုံများကို ယခင် အစိုးရလက်ထက် ၂၀၁၅ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားသော်လည်း လိုအပ်ချက်များ ရှိနေသေးသောကြောင့် ထပ်တိုးဘတ်ဂျက်တောင်းခံရခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

လွှတ်တော် အဆောက်အအုံသစ်များ အတွက် အသံပိုင်းနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ များပြင်ဆင်ရန် လိုအပ်နေသေးကြောင်း သိရသည်။

"လမ်းတွေပြင်နေရတယ်၊ ဓာတ်လှေကားထည့်ဖို့ လုပ်နေတယ်။ မဟုတ်ရင် နေ့စဉ်အတက်အဆင်း ခက်ခဲကြတယ်။ ဒါကြောင့် ဓာတ်လှေကားနဲ့ လမ်းအတွက် လွှတ်တော်ရုံးကနေ ဘတ်ဂျက်တောင်းထားတာ"ဟု ဦးအောင်ကျော်ဦးက ထပ်လောင်းပြောဆိုသည်။

ထပ်တိုးဘတ်ဂျက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း လွှတ်တော်ရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



*ဦးအောင်ကျော်ဦး။ (ဓာတ်ပုံ - The Myanmar Times)*

ယခင်အစိုးရလက်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးဆောက်လုပ်ရမည်ဟု သတ်မှတ်ထားသော်လည်း အချိန်မီ မပြီးသောကြောင့် တစ်ရက်လျှင် ဒဏ်ကြေးကျပ် သိန်း ၅၀ ပေးဆောင်ရန် သတ်မှတ်ခဲ့ရာ ကုမ္ပဏီများဘက်မှ ခွင့်တင်သောကြောင့် နောက်ကျရက် ၈၃ ရက်အနက် ရက် ၂၀ စာအတွက် ဒဏ်ငွေကျပ်သိန်း ၁,၀၀၀ ဒဏ်ရိုက်ခဲ့ပြီး ကျန်ရက်များကို ခွင့်ရက်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအသိုင်းအဝိုင်းထံမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## သတင်းတို

■ ချင်းပြည်နယ်လွှတ်တော်ရုံး Website ကို လာမည့်ဘတ်ဂျက်တွင် စတင်လွှင့်တင်နိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌဦးအောင်သန်းက ပြောကြားသည်။ ခေတ်နှင့်အညီပါရှိရမည့် ကဏ္ဍတစ်ခုဖြစ်စေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး ချင်းပြည်နယ်လွှတ်တော်၏ လုပ်ဆောင်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကွင်းဆင်းဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရန်၊ လူထု၏လိုလားချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Website တည်ထောင်နိုင်ရန် လွှတ်တော် ရုံးဝန်ထမ်းများ ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

*(ကိုးကား - The Voice Daily)*

■ ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ရှိနေသည့် မသန်စွမ်းဘွဲ့ရများအနေနှင့် သူတစ်ပါးမှီခိုကင်းစွာ အစိုးရက ရွေးချယ်ခန့်အပ်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရမှတစ်ဆင့်ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ဒီဇင်ဘာလ ၂၆ ရက်နေ့က ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များမှ ထောက်ခံခဲ့ကြပြီး ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီခဲ့ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ပြောကြားသည်။

*(ကိုးကား - The Voice Daily)*

# ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ

ဇန်နဝါရီ ၅၊ ၂၀၁၇

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ပြည်နယ်လွှတ်တော် လစ်လပ်မဲဆန္ဒနယ်များမှာ ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် အမှတ်(၂)၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) နှင့် အမှတ်(၂) တို့ဖြစ်သည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးနိုင်မည့် မဲဆန္ဒရှင်ဦးရေ ၂ ဒသမ ၂ သန်းခန့် ရှိကြောင်းနှင့် ကြိုတင်မဲပေးမည့် ပြည်ပရောက် မဲဆန္ဒရှင် ၃၀၀ ကျော်ရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော် လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး ပါဝင်သည်။

*(ကိုးကား - http://www.news-eleven.com မှ ကောက်နုတ်တင်ပြသည်)*



*ဓာတ်ပုံ - Tanintharyi Region Facebook Page*

# တနင်္သာရီတိုင်းလွှတ်တော် အထူး အစည်းအဝေး ဇန်နဝါရီလဆန်း ကျင်းပမည်

ဇန်နဝါရီ ၃၊ ၂၀၁၇

တနင်္သာရီတိုင်းဒေသကြီး အထူးအစည်းအဝေး ၁/၂၀၁၇ အား ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း တိုင်းလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးကြည်စိုးထံက ပြောသည်။

အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်း၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း) အား ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းနိုင်ရေး အတွက် ဆွေးနွေးကြမည်ဖြစ်သည်။

အစည်းအဝေးအာ ၂ ရက် ကျင်းပရန်လျာထားပြီး ပထမရက်တွင် ဥပဒေ(မူကြမ်း) အတည်ပြုပေးရန်အဆို တင်သွင်းကာ ဆွေးနွေးမည့် ကိုယ်စားလှယ်များအား ဖိတ်ခေါ်မည်ဖြစ်ပြီး ဆွေးနွေးမည့်သူရှိပါက ဒုတိယရက်တွင် ဆွေးနွေးကြကာ လွှတ်တော်၏အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးတွင် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများမေးမြန်းနိုင်ပြီး မေးခွန်းများအား ဒီဇင်ဘာ ၃၀ ရက်နေ့ နောက်ဆုံးထားပေးပို့ရန် အကြောင်းကြားထားကြောင်း သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*



## သတင်းဓာတ်ပုံ

ကချင်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၇)ကို ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပနေစဉ်။

*(ဓာတ်ပုံ - Kachin State Hluttaw Facebook Page)*

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉-၂၆၀၀၀၇၅၃၉

www.emref.org

www.facebook.com/emrmyanmar

# ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးကျင်းပ

ဇန်နဝါရီ ၁၊ ၂၀၁၇

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၆) ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးပထမနေ့တွင် "၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း"အား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က တင်သွင်းခဲ့သည်။ တင်သွင်းသည့်ငွေစာရင်းနှင့် ဥပဒေနှင့်စပ်လျဉ်း၍ ဒုတိယနေ့တွင် ကိုယ်စားလှယ် ဦးမင်းကိုနိုင် (ကော့ကရိတ် ၂)နှင့် ဦးစောလှမြင့် (သံတောင်ကြီး ၁)တို့မှ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ သဘောတူကြသည့်အတွက် လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း သိရသည်။

*(ကိုးကား - ကရင်ပြည်နယ်လွှတ်တော်ရုံး)*



*ဦးစောလှမြင့်။ (ဓာတ်ပုံ - ကရင်ပြည်နယ်လွှတ်တော်ရုံး)*

## သတင်းဓာတ်ပုံ



ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၃/၂၀၁၆)ကို ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ကျင်းပနေစဉ်
*(ဓာတ်ပုံ- ကယားပြည်နယ်လွှတ်တော် Facebook Page)*

# ချင်းပြည်နယ် လွှတ်တော်ရုံး တည်ဆောက်နိုင်ရန် ဘတ်ဂျတ်တောင်းခံ

ဇန်နဝါရီ ၁၊ ၂၀၁၇

ချင်းပြည်နယ် ဟားခါးမြို့၊ ချင်းဦးစီးရပ်ကွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ စွန့်လွှတ်ထားသည့် ၂ ဧက ခန့်ကျယ်သော မြေပေါ်၌ ချင်းပြည်နယ် လွှတ်တော်ရုံး တည်ဆောက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ရေးဆွဲမှုတွင် ထည့်သွင်းတောင်းခံထားကြောင်း ချင်းပြည်နယ် လွှတ်တော်ဒုဥက္ကဋ္ဌ ဦးအောင်သန်းက ပြောကြားသည်။

ယင်းလွှတ်တော်ရုံး တည်ဆောက်နိုင်ရေးအတွက် ကျပ် ၅ ဒသမ ၅ ဘီလီယံ တောင်းခံထားပြီး ဘတ်ဂျက်ရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကို သီးခြားရပ်တည်ရန်နှင့် လုံလောက်သော အခန်းဖွဲ့စည်းပုံရရှိစေရန်အတွက် ဘတ်ဂျက်တောင်းခံရခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"လွှတ်တော်ကော်မတီနဲ့ အစိုးရအဖွဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုပြီး ဖြစ်ပေါ်လာဖို့ဆိုတာက လွှတ်တော်ရုံးအနေနဲ့ သီးခြားရပ်တည်ရတာ၊ အခုတော့ သီးခြားမရပ်တည်ဘဲနဲ့ ရုံးတစ်ခုထဲမှာ အသွင်မတူတဲ့ဟာနှစ်ခု ရှိနေတယ်ဆိုတာ သဘာဝမကျတာရယ်၊ လုံလောက်တဲ့ အခန်းဖွဲ့စည်းပုံတွေ လွှတ်တော်အတွက် သီးခြားရုံးရှိဖို့ လိုအပ်တယ်"ဟု ၎င်းက ပြောဆိုသည်။

ချင်းပြည်နယ် လွှတ်တော်ရုံးအဖြစ် လက်ရှိအသုံးပြုနေသည့်နေရာမှာ ဟားခါးမြို့၊ ချင်းဦးစီးရပ်ကွက်တွင်တည်ရှိပြီး ယခင်က အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းဟောင်းအတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ၂ နှစ်ကျော်ကြာ ကျပ်သန်းပေါင်း ၇,၇၀၀ ကျော် အသုံးပြု၍ ချင်းပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ခဲ့ကြောင်း သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## သတင်းတို

■ ချင်းပြည်နယ်၊ မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဟွန်းခဲန်သည် ယာဉ်မတော်တဆမှုကြောင့် ဇန်နဝါရီလ ၆ ရက်နေ့ နံနက် ၃ နာရီ ၄၀ မိနစ်တွင် မင်းတပ်မြို့ ပြည်သူ့ဆေးရုံတွင် ကွယ်လွန်သွားကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

*(ကိုးကား - http://www.irrawaddy.com/)*